# နိုင်ငံတကာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ ပပျောက်ရေးနေ့



အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) မှ ဒုတိယအကြိမ် ထုတ်ဝေသည်။

# နိုင်ငံတကာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ ပပျောက်ရေးနေ့ နောက်ခံသမိုင်း

၁၉၉၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် ကျင်းပသော ကမ္ဘာ့ကုလသမဂ္ဂ၏ ၅၄ကြိမ်မြောက် အထွေထွေညီလာခံ၏ ၈၃ကြိမ်မြောက် မျက်နှာစုံညီ အစည်းအဝေးက တတိယကော်မတီ၏ အစီရင်ခံစာပါအချက်များ *(A/54/598 and Corr.1and 2)* အား အခြေခံ၍ ဆုံးဖြတ်ချက် အမှတ် ၅၄/၁၃၄ အရ နိုဝင်ဘာလ ၂၅ ရက်နေ့ကို **နိုင်ငံတကာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေးနေ့** အဖြစ် သတ်မှတ်ရန် ဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

ဤကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံကြီးက နိုင်ငံ၊ ဒေသ၊ လူစုအလိုက် ဖြစ်ပွားလျက်ရှိသော အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများက လူ့ဘောင်အဖွဲ့အစည်းအတွင်း အမျိုးသမီးများ၏ တရားရေး၊ လူမှုရေး၊ နိုင်ငံရေးနှင့် စီးပွားရေးအရ တန်းတူညီမျှမှု ရရှိလာစေရန် အခွင့်အလမ်းများကို ပိတ်ပင်တားဆီးနေကြောင်း သတိပေးခဲ့သည်။

**“အမျိုးသမီးများအပေါ် အကြမ်းဖက်မှု”** ဆိုသည့် ဝေါဟာရကို ပုဂ္ဂလိကဘဝ၌ဖြစ်စေ၊ လူအများရှေ့၌ဖြစ်စေ၊ လူရုပ်ပိုင်း၊ စိတ်ပိုင်းနှင့် လိင်ပိုင်းဆိုင်ရာအရ ထိခိုက်နစ်နာစေသော ပြုမူဆောင်ရွက်မှုဖြစ်သည် ဟု အထွေထွေညီလာခံကြီးက ထပ်လောင်းကာ အဓိပ္ပာယ်ဖွင့်ဆိုခဲ့သည်။

ထို့အပြင် အထွေထွေညီလာခံက အစိုးရများ ကုလသမဂ္ဂအဖွဲ့၏ သက်ဆိုင်ရာဌာနများ အဖွဲ့အစည်းများ၊ ရံပုံငွေအဖွဲ့များနှင့် လုပ်ငန်း ဆိုင်ရာ စီစဉ်ဆောင်ရွက်နေသော အဖွဲ့များအပြင် အခြားနိုင်ငံတကာ အဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများအား အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဆိုင်ရာ ပြဿနာများကို လူထု က ပိုမိုသိမြင်လာစေရန် ရည်ရွယ်၍ နိုဝင်ဘာလ ၂၅ ရက်နေ့တွင် လှုပ်ရှားမှုများ စီစဉ်ဆောင်ရွက်ရန် တိုက်တွန်းဖိတ်ခေါ်ခဲ့သည်။

နိုဝင်ဘာလ ၂၅ ရက်နေ့ကို ယခင်က **"နိုင်ငံတကာအမျိုးသမီးများ အပေါ် အကြမ်းဖက်မှု ရပ်တန့်ရေးနေ့"** အဖြစ် လက်တင်အမေရိကမှ စ၍ ကျင်းပခဲ့ပြီး၊ နောက်ပိုင်းတွင် ကမ္ဘာအနှံ့အပြားရှိ အခြားနိုင်ငံ များစွာသို့ ပျံ့ညနှံ့လာခဲ့သည်။ ထိုစဉ်က တိကျသော အမည်နာမ သတ်မှတ်ထားခြင်းမရှိဘဲ "အမျိုးသမီးများအပေါ် အကြမ်းဖက်မှု မပြုရေးနေ့" နှင့် "အမျိုးသမီးများအပေါ် အကြမ်းဖက်မှု အဆုံးသတ် ရေးနေ့" အဖြစ် ရည်ညွှန်းဖော်ပြခဲ့ကြသည်။ ပထမ အင်ကူအင်ထရို အမျိုးသမီးဝါဒီများ *(The first Feminist Encuentro)* က "အမျိုးသမီး များအပေါ် အကြမ်းဖက်မှု မပြုရေးနေ့" ကို လက်တင်အမေရိကနှင့် ကာရီဘီယံဒေသအတွက် ပထမဆုံးအကြိမ်အဖြစ် ကြေညာခဲ့ကာ၊ ကိုလံဘီယာနိုင်ငံ ဘိုဂိုတာတွင် ၁၉၈၁ ခု၊ ဇူလိုင် ၁၈ ရက်မှ ၂၁ ရက်အထိ ကျင်းပခဲ့သည်။ ထိုအခမ်းအနားတွင် အင်ကူအင်ထရို အမျိုးသမီးများက လိင်ကွဲပြားမှုအပေါ် အခြေခံသော အကြမ်းဖက်မှု

များဖြစ်သည့် အိမ်တွင်းအကြမ်းဖက် ရိုက်နှက်ခြိမ်းခြောက်မှုမှစ၍ မုဒိမ်းမှု၊ လိင်ပိုင်းဆိုင်ရာထိပါးနှောက်ယှက်မှုနှင့် နိုင်ငံအုပ်ချုပ်သူ အစိုးရက ကျူးလွန်သော အမျိုးသမီးနိုင်ငံရေးအကျဉ်းသူများအပေါ် နှိပ်စက်ညှဉ်းပန်းမှု၊ စော်ကားမှုများအပါအဝင် အကြမ်းဖက်မှုများကို စနစ်တကျဖြင့် ပြစ်တင်ဝေဖန်ရှုတ်ချခဲ့ကြသည်။ နေ့ရက်အားဖြင့် မီရာဘဲလ် ***(Mirabal)*** ညီအစ်မများ အသက်ဆုံးရှုံးခဲ့ကြရသည့်နေ့ ကို အထိမ်းအမှတ်ပြု ရွေးချယ်ခဲ့သည်။ မူလက ဒိုမေနီကန်သမ္မတနိုင်ငံ ၌ အာဏာရှင် ရာ့ဖဲလ် ထရူဂျီလို (***Rafael Trujillo*** **1930-1961**) အုပ်ချုပ်စဉ်ကာလ ၁၉၆၀ ခုနှစ်က မီရာဘဲလ် ညီအစ်မသုံးဦးအား အကြမ်းဖက်လုပ်ကြံသတ်ဖြတ်ခဲ့သည့် နေ့ကို "အမျိုးသမီးများအပေါ် အကြမ်းဖက်မှု အဆုံးသတ်ရေးနေ့" သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ ထိုနေ့ရောက်တိုင်း မီရာဘဲလ်ညီအစ်မများကို ချီးကျူးဂုဏ်ပြုလေ့ရှိ ခဲ့ပြီး ကမ္ဘာကလည်း ယင်းအဖြစ်အပျက်ကို လိင်ကွဲပြားမှုအပေါ် အခြေခံသော အကြမ်းဖက်မှုအဖြစ် အသိအမှတ်ပြုခဲ့သည်။

# မီရာဘဲလ် ညီအစ်မများ

အင်ဂရီကျူး မီရာဘဲလ်နှင့် မာရီယာ မာဆီဒီးစ် ရီယက်စ် (ချေအာ) တို့က ညီအစ်မ သုံးယောက်ဖြစ်သော ပက်ထရီယာ၊ မီနာဗာနှင့် မာရီယာ ထရီဆာတို့ကို ၁၉၂၄ ခုနှစ်၊ ၁၉၂၇ ခုနှစ်နှင့် ၁၉၃၅ ခုနှစ် များတွင် ဒိုမေနီကန် သမတနိုင်ငံ စီဘတ်ဒ်ဒေသ၌ မွေးဖွားခဲ့ကြသည်။ ညီအစ်မသုံးယောက်လုံးသည် ဒိုမေနီကန်သမတနိုင်ငံတွင် ပညာသင် ကြားခဲ့ကြပြီး မီနာဗာနှင့် မာရီယာ ထရီဆာတို့သည် တက္ကသိုလ်မှ ဘွဲ့ယူရန် လေ့လာနေဆဲဖြစ်သည်။

မီရာဘဲလ် ညီအစ်မသုံးယောက်စလုံးနှင့် သူတို့၏ခင်ပွန်းများသည် ထရူဂျီလို အစိုးရကို ဆန့်ကျင်တော်လှန်မှုတွင် ပါဝင်လာခဲ့ကြသည်။ မီရာဘဲလ် ညီအစ်မများသည် နိုင်ငံရေးလှုပ်ရှား ဆောင်ရွက်သူများ ဖြစ်ပြီး အာဏာရှင် ထရူဂျီလိုကို ဆန့်ကျင်တော်လှန်မှုတွင် ထင်ရှား သော အမှတ်သင်္ကေတများဖြစ်ခဲ့သည်။ ထိုညီအစ်မများနှင့် သူတို့ မိသားစုများသည် ဟုတ်မှန်သည့်အတိုင်း ဝေဖန်ပြောကြားမှုများနှင့် အစိုးရကို ဆန့်ကျင်သော လျှို့ဝှက်လှုပ်ရှားမှုများကြောင့် အဆက် မပြတ် နှောက်ယှက်ဖိနှိပ်ခံခဲ့ကြရသည်။ သူတို့၏ နိုင်ငံရေးလှုပ်ရှားမှု များကြောင့် မီရာဘဲလ် ညီအစ်မများနှင့် သူတို့၏ခင်ပွန်းများမှာ အကြိမ်ကြိမ် ချုပ်နှောင်ခံကြရသည်။ မီနာဗာကိုယ်တိုင်ပင် ထောင် လေးကြိမ်ကျခံခဲ့ရသည်။ အာဏာရှင် ထရူဂျီလို၏ ဖိနှိပ်မှုများကြားမှ

ပင် မီရာဘဲလ် ညီအစ်မများသည် အုပ်ချုပ်ရေးခေါင်းဆောင်ပိုင်းကို ဆန့်ကျင်သည့် နိုင်ငံရေးလှုပ်ရှားမှုများတွင် တက်ကြွစွာ ဆက်လက် ပါဝင်ခဲ့ကြသည်။ ၁၉၆၀ ခုနှစ်၊ ဇန်နဝါရီလတွင် ပက်ထရီယာသည် အစည်းအဝေးတရပ်ကို တာဝန်ယူဆောင်ရွက်ခဲ့ပြီး ယင်းအစည်းအဝေး က ၁၉၆၀ ခုနှစ် ဇွန်လ ၁၄ ရက်နေ့ လျှို့ဝှက်လှုပ်ရှားမှုကို ဖော်ဆောင် ခဲ့သည်။ ထိုလှုပ်ရှားမှုတွင် ညီအစ်မများအားလုံး ပါဝင်ခဲ့ကြရာ အာဏာရှင်ကို ဆန့်ကျင်သော ထိုလျှို့ဝှက်ပူးပေါင်းကြံစည်မှု မအောင်မြင်ခဲ့သောကြောင့် ညီအစ်မသုံးယောက်နှင့်အတူ နိုင်ငံ တဝှမ်းလုံးရှိ လျှို့ဝှက်ဆန့်ကျင်လှုပ်ရှားမှုတွင် ပါဝင်သူ ရဲဘော်ရဲဘက် များ ဖမ်းဆီးနှိပ်ကွပ်ခံခဲ့ကြရသည်။

၁၉၆၀ ခုနှစ်၊ နိုဝင်ဘာလ အစောပိုင်းတွင် ထရူဂျီလိုက ၎င်းရင်ဆိုင် နေရသော ပြဿနာ နှစ်ရပ်မှာ ခရစ်ယာန်အသင်းတော်နှင့် မီရာဘဲလ် ညီအစ်မများဖြစ်သည်ဟု ကြေညာခဲ့သည်။ ၁၉၆၀ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်နေ့တွင် ညီအစ်မသုံးယောက်သည် အကျဉ်းကျနေသော ခင်ပွန်းသည်များကို ကားမောင်း၍ သွားရောက်တွေ့ဆုံစဉ် ကားတိုက်မှုဖြင့် လုပ်ကြံသတ်ဖြတ်ခံခဲ့ကြသည်။ ယင်းကားတိုက်မှု ကြောင့် ပြည်သူများသည် အံ့အားသင့် တုန်လှုပ်သွားခဲ့ကြပြီး ယူကျုံး မရဖြစ်ကာ အစိုးရအပေါ် အမျက်ဒေါသထွက်ခဲ့ကြသည်။ မီရာဘဲလ် ညီအစ်မများအား ရက်စက်စွာ လုပ်ကြံသတ်ဖြတ်မှုသည် ထရူဂျီလို အစိုးရအား ဆန့်ကျင်သောလှုပ်ရှားမှုများကို တွန်းအားပေးသော

ဖြစ်ရပ်များအနက် တခု ဖြစ်ခဲ့ပြီး တနှစ်အတွင်းတွင် ထရူဂျီလိုအစိုးရ ပြုတ်ကျခဲ့သည်။

မီရာဘဲလ် ညီအစ်မများကို **"မမေ့နိုင်သော လိပ်ပြာများ"** ***(Unforgettable Butterflies)*** အဖြစ် တင်စားပြောဆိုကြပြီး သူမတို့ သည် အမျိုးသမီးများအပေါ် မတရားဖိနှိပ်မှု၏ သင်္ကေတတခု ဖြစ်လာခဲ့သည့်အပြင် လူသိများထင်ရှားမှုနှင့် အမျိုးသမီးဝါဒီတို့၏ ဆန့်ကျင်တော်လှန်မှု၏ သင်္ကေတတခုလည်း ဖြစ်လာခဲ့သည်။ ကဗျာများ၊ သီချင်းများနှင့် စာအုပ်များရေးသား၍ သူတို့အား အမှတ်တရ ဂုဏ်ပြုခဲ့ကြသည်။ သူတို့အား သတ်ဖြတ်မှုက စာရေးဆရာမ ဂျူလီယာ အဲလ်ဗာရက်ဇ်ကို မီရာဘဲလ် ညီအစ်မများ၏ ငယ်ရွယ်စဉ်ဘဝကို ဖော်ပြသော ***"In the time of Butterflies"*** ဆိုသည့် ဝတ္ထုတပုဒ်ကိုရေးသားစေရန် စေ့ဆော်ခဲ့သည်။ ထိုစာအုပ်တွင် အာဏာရှင် ထရူဂျီလိုပြုတ်မကျမီ နောက်ဆုံးအချိန်၌ မီရာဘဲလ် ညီအစ်မများက အခက်အခဲများကို အာဇာနည်ပီပီ ရင်ဆိုင်ခဲ့ပုံများအား ဖော်ပြထားသည်။ မီရာဘဲလ် ညီအစ်မများအား အမှတ်ရအောက်မေ့မှု၊ သူမတို့၏ ပြည်သူ့လွတ်မြောက်ရေးအတွက် ကြိုးပမ်းမှုများနှင့် လူအခွင့်အရေးအပေါ် လေးစားလိုက်နာမှုများသည် လူ့ဂုဏ်သိက္ခာနှင့် စိတ်အားထက်သန်လာခြင်းတို့၏ သင်္ကေတများအဖြစ် ပြောင်းလဲလာခဲ့သည်။

မီရာဘဲလ်ညီအစ်မများသည် အကြောင်းမဲ့မုန်းတီးခြင်းနှင့် ပုံစံခွက်ထဲသွင်းခြင်းတို့ကို ဆန့်ကျင်သော သင်္ကေတများဖြစ်သကဲ့သို့ သူမတို့နှင့် ဆုံဆည်းခဲ့သူများ၏ စိတ်ဓာတ်များအား မြင့်တက်စေခဲ့ကာ သူတို့ သေဆုံးပြီးနောက်တွင် ဒိုမေနီကန် သမတနိုင်ငံရှိ လူများကို သာမက ကမ္ဘာတဝှမ်း လုံးကိုပါ စိတ်ဓာတ်မြင့်တက်စေခဲ့သည်။ ■

# လိင်ကွဲပြားမှုအပေါ် အခြေခံသော အကြမ်းဖက်မှုများကို ဆန့်ကျင်သည့် ၁၆ ရက်တာ လှုပ်ရှားမှု

လိင်ကွဲပြားမှုအပေါ်အခြေခံသော အကြမ်းဖက်မှုများကို ဆန့်ကျင်သည့် ၁၆ ရက်တာ လှုပ်ရှားမှုသည် အမျိုးသမီးများ၏ အခွင့်အရေးအတွက် ကမ္ဘာလုံးဆိုင်ရာလှုပ်ရှားမှုအဖြစ် ပေါ်ထွက်လာသည်။ ၁၉၉၁ ခုနှစ်၊ ဇွန်လတွင် ကမ္ဘာလုံးဆိုင်ရာ အမျိုးသမီးများ ခေါင်းဆောင်မှု ဗဟိုဌာန *(The Center of Women's Global Leadership, CWGL)* က နိုင်ငံပေါင်း ၂၀ မှ အမျိုးသမီး ၂၃ ယောက်ပါဝင်၍ စုဆုံရာတခုဖြစ်သည့် အမျိုးသမီးရေး၊ အကြမ်းဖက်မှုနှင့် လူ့အခွင့်အရေးအတွက် ပထမဆုံး ဖွဲ့စည်းသော ကမ္ဘာလုံးဆိုင်ရာ အမျိုးသမီးအဖွဲ့တွင် ပါဝင်သူများနှင့် အတူ လိင်ကွဲပြားမှုအပေါ် အခြေခံသော အကြမ်းဖက်မှုများကို ဆန့်ကျင်သည့် ၁၆ ရက်တာလှုပ်ရှားမှုကို စတင်ရန် ဖိတ်ခေါ်ခဲ့သည်။ ဤလှုပ်ရှားမှုကို အမျိုးသမီးရေး၊ အကြမ်းဖက်မှုနှင့် လူ့အခွင့်အရေးတို့ အကြား ဆက်နွယ်မှုကို အဓိကအလေးပေးကာ နိုဝင်ဘာ ၂၅ ရက်နေ့ မှ ဒီဇင်ဘာ ၁၀ ရက်နေ့အထိ လှုပ်ရှားဆောင်ရွက်ခဲ့ကြသည်။ ထိုအချိန်ကာလတွင် ထူးခြားအရေးပါသည့် နေ့ကြီးလေးရက်ကို အကြုံးဝင်စေခဲ့သည်။ ထိုရက်များမှာ နိုဝင်ဘာ ၂၅ ရက်နေ့– နိုင်ငံတကာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေးနေ့၊ ဒီဇင်ဘာ ၁ ရက်နေ့– ကမ္ဘာ့အေအိုင်ဒီအက်စ်ရောဂါ တိုက်ဖျက်ရေးနေ့၊ ဒီဇင်ဘာ ၆ ရက်နေ့– အမျိုးသမီးအခွင့်အရေးအတွက် တိုက်ပွဲဝင်သော

အင်္ဂလိပ်ဘာသာ မဟုတ်ပါ

လိင်ကွဲပြားမှုအပေါ်အခြေခံသော အကြမ်းဖက်မှုများကိုဆန့်ကျင်သည့် **၁၆ ရက်တာလှုပ်ရှားမှု**ကို စုစည်းမှုအင်အားနှင့် တာဝန်ခံမှုတို့က လှုံ့ဆော်တွန်းအားပေးခဲ့ကာ ထိုလှုပ်ရှားဆောင်ရွက်မှုက ပြည်တွင်း၊ ပြည်ပရှိ လိင်ကွဲပြားမှုကို အခြေခံသော အကြမ်းဖက်မှုများ ပပျောက်သွားစေရန် မရပ်မနားဆောင်ရွက်ခဲ့ကြသည်။ နှစ်များ ကြာမြင့်လာသည့်အခါ **၁၆ ရက်တာ လှုပ်ရှားမှု** ဆောင်ရွက်ဆက်သွယ်ရေးအဖွဲ့သည် အဖွဲ့ဝင်များတိုးပွားလာကာ ယခုအခါတွင် နိုင်ငံပေါင်း ၉၀ ကျော်မှ အဖွဲ့အစည်းပေါင်း ၈၀၀ ကျော် ပါဝင်ပြီးဖြစ်သည်။ လှုပ်ရှားမှုကြီးထွားလာမှုသည် အရေးအတွက်သာမက စိတ်ဓာတ်ပိုင်းဆိုင်ရာကိုပါ မြင့်မားလာခြင်းဖြစ်ပြီး မူလက မျှော်လင့်ထားသည်ထက်များစွာ ကျော်လွန်လာသည်။ လိင်ကွဲပြားမှုအပေါ် အခြေခံသော အကြမ်းဖက်မှုများကို ဆန့်ကျင်သည့် ၁၆ ရက်တာ ပြုပြင်ပြောင်းလဲရေးလှုပ်ရှားမှုသည် မြို့များ၊ တိုင်းပြည်များနှင့် ဒေသများစွာတို့တွင် နှစ်စဉ်ကျင်းပသော အခမ်းအနားတရပ် ဖြစ်လာသည်။

အမျိုးသမီးလူ့အခွင့်အရေး လှုပ်ရှားသူများကလည်း **၁၆ ရက်တာကာလ**ကို လိင်ကွဲပြားမှုအပေါ် အခြေခံသော အကြမ်းဖက်မှုများ၊ အကြမ်းဖက်မှုမှ လွတ်မြောက်လာသူများကို ကာကွယ်စောင့်ရှောက်သော လုပ်ဆောင်မှုများနှင့် အကြမ်းဖက်မှုများ ပပျောက်ရေးအတွက် သွေးစည်းညီညွတ်သော လှုပ်ရှားမှုတရပ်အဖြစ် ဖော်ဆောင်ခဲ့ကြသည်။ **၁၆ ရက်တာလှုပ်ရှားမှု** သွေးစည်းညီညွတ်ရေး ဆောင်ရွက်ဆက်သွယ်ရေး

အဖွဲ့မှ နှစ်စဉ်လှုပ်ရှားမှုများကို မိမိတို့ဒေသတွင် ညှိနှိုင်းဆောင်ရွက် အကောင်အထည်ဖော်ရန်အတွက် ဆက်သွယ်လာသူများကို ကြိုဆို လက်ခံခဲ့သည်။

လှုပ်ရှားဆောင်ရွက်မှုကာလအတွင်း အဖွဲ့အစည်းများက စည်းရုံး အကောင်အထည်ဖော်ဆောင်ရွက်သည့် နည်းဗျူဟာများသည် ပုံစံ တခုတည်း မဟုတ်ဘဲ မိမိတို့ဒေသနှင့် လက်ရှိနိုင်ငံရေးအပေါ် မူတည်၍ ကွဲပြားခြားနားကြသည်။ ၂၀၀၀ ခုနှစ်တွင် အမျိုးသမီး ဗဟို ဌာနက စတုတ္ထအကြိမ်မြောက် ကမ္ဘာ့အမျိုးသမီးညီလာခံ၏ ၅ နှစ်တာ ကာလ သုံးသပ်မှုညီလာခံ ***(Beijing+5)*** နှင့် လူမျိုးကြီးဝါဒ၊ လူမျိုးရေး ခွဲခြားဖိနှိပ်မှု၊ လူမျိုးခြားများအား မလိုမုန်းတီးမှုနှင့် ယင်းတို့နှင့် ပတ်သက်သည့် အမြင်ကျဉ်းမြောင်းမှုများကို ဆန့်ကျင်သော ကမ္ဘာ့ ညီလာခံ (*WCAR-* တောင်အာဖရိက၌ ၂၀၀၁ ခု၊ ဩဂုတ် ၃၁ မှ စက်တင်ဘာ ၇ ရက်ထိ ကျင်းပ) တို့ကဲ့သို့သော တကမ္ဘာလုံးဆိုင်ရာ လှုပ်ရှားမှုများနှင့် ဆက်နွယ်သည့်အဖွဲ့အစည်းများကို ဒေသဆိုင်ရာ နှင့် နိုင်ငံတော်အစိုးရများအား အနာဂါတ်ကာလတွင် အမျိုးသမီး များ၏ လူ့အခွင့်အရေးကို အကောင်အထည်ဖော်မှုအတွက် ကတိကဝတ် ပြုရန်နှင့် ကတိပြုပြီးသည်များကို တိုးမြင့် အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ဖိအားပေးသွားရန် တိုက်တွန်းထားသည်။ အမျိုးသမီးဗဟိုဌာနက အမျိုးသမီးရေး လှုပ်ရှားဆောင်ရွက်သူများကို **၁၆ ရက်ကာလအား** အသုံးပြု၍ ခုံရုံးဖွဲ့စစ်ဆေးကြားနာမှုများ၊

အလုပ်ရုံဆွေးနွေးပွဲများ၊ ပွဲလမ်းသဘင်များကဲ့သို့သော လှုပ်ရှားမှုများကို ညှိနှိုင်းဆောင်ရွက်ခြင်းအားဖြင့် ကျောင်းသူကျောင်းသားများ၊ နီးစပ်ရာနယ်ပယ်၊ နိုင်ငံနှင့် ဒေသတွင်းရှိ လူ့အဖွဲ့အစည်းကို ပိုမိုသဘောပေါက် လက်ခံလာစေရန်အတွက် တိုက်တွန်းအားပေးခဲ့သည်။

သတင်းရင်းမြစ်။ ။ *ဤမှတ်စုကို ကုလသမဂ္ဂ၏ စီးပွားရေးနှင့် လူမှုရေးရာဌာန၏ အမျိုးသမီးများ တိုးတက်ရေးဌာနခွဲမှ ဖြန့်ဝေခြင်းဖြစ်သည်။* ■

# အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) သည် မြန်မာနိုင်ငံမှ သမိုင်းကြောင်း နောက်ခံကွဲပြားသည့် တိုင်းရင်းသား အမျိုးသမီးအဖွဲ့အစည်း အသီး သီးဖြင့် စုပေါင်းဖွဲ့စည်းထားသော ပထမဦးဆုံးအဖွဲ့ဖြစ်သည်။ ဤအဖွဲ့ချုပ် တွင် မြန်မာနိုင်ငံနှင့် နယ်နမိတ်ချင်းထိစပ်နေသော ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယနှင့် ထိုင်းနိုင်ငံတို့မှ နယ်စပ်ဒေသများရှိ အမျိုးသမီးအဖွဲ့အစည်း (၁၃) ဖွဲ့ ပါဝင်သည်။ ၁၉၉၉ ခုနှစ် ဒီဇင်ဘာ ၉ ရက်တွင် တည်ထောင် ဖွဲ့စည်းခဲ့သည်။

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) သည် အမျိုးသမီးများ၏ အဆင့်အတန်း တိုးတက်မြင့်မားလာစေရေးနှင့် အရည်အချင်း ပြည့်ဝ စေရေးအတွက် သာမက အရည်အချင်းမြှင့်တင်ခြင်း၊ စည်းရုံးချဉ်းကပ် ခြင်း၊ သုတေသနပြုခြင်းနှင့် မှတ်တမ်းတင်ခြင်းများမှတဆင့် ဒီမိုကရေစီ ရေးလှုပ်ရှားမှု၊ ငြိမ်းချမ်းရေးနှင့် အမျိုးသား ပြန်လည်သင့်မြတ်ရေး အပါအဝင် ကဏ္ဍများအားလုံးတွင် အမျိုးသမီးများ ပိုမိုပါဝင်လုပ်ကိုင် လာစေရေးအတွက် လှုပ်ရှားဆောင်ရွက်နေသည့် အဖွဲ့အစည်းဖြစ်သည်။

ဆက်သွယ်ရန်
P O Box 413 GPO
Chiang Mai 50000 Thailand
wlb@womenofburma.org
www.womenofburma.org

Women's League of Burma